# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော်၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့ နေ့လယ် ၁၃:၃၀ နာရီအချိန်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ Hybrid Format (In Person + Virtual) ဖြင့်ကျင်းပရာ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး က မြန်မာနိုင်ငံ ကလေးလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအနက် ၂၀၂၁-၂၀၂၂ ခု၊ ဘဏ္ဍာရေးနှစ် (Mini Budget)တွင် နေပြည်တော်ကောင်စီနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ကလေးလုပ်သားဆိုင်ရာစစ်တမ်း ကောက်ယူခဲ့မှု၊ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ် (၅) ခု၌ ကလေးလုပ်သားဆိုင်ရာစစ်တမ်းကောက်ယူနေမှုနှင့် ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် စစ်တမ်းကောက်ယူရန်ကျန်ရှိနေသည့် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် စစ်တမ်းကောက်ယူနိုင်ရေးအတွက် လုပ်ငန်းအချိန်ဇယားတို့ကို ပြုစု၍ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီသို့ပေးပို့ကြရန် ဆွေးနွေးပြောကြားပြီး စစ်တမ်းကောက်ယူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန်တိုက်တွန်းပြောကြားပါသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က စစ်တမ်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များက စစ်တမ်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပါသည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါ သည်။